# ပျော်ရွှင်ဆင်နွှဲ ငါးဖမ်းပွဲ

-- ကိုရွှေငါး (ဓနုဖြူ) --

ဒေသအလိုက် ငါးဖမ်းနည်းအမျိုးမျိုးရှိသည့်အနက် တန်းပိုက်ဖြင့် အပြိုင်အဆိုင် ငါးဖမ်းခြင်းသည် ရေလုပ်သား အများစုပေါင်းပြီး ပျော်ရွှင်စွာငါးဖမ်းနည်းတစ်ခု ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ထုံးချိန်းပွဲ၊ မကွေးတိုင်းဒေသကြီး တွင် ထောင့်ချပွဲ၊ ဒေသအလိုက် အခေါ်အဝေါ် ကွဲပြားကြသော်လည်း လှေတစ်စီး၊ တန်းပိုက်တစ်စုံဖြင့် စုပေါင်းငါးဖမ်း ခြင်းပင် ဖြစ်ပါသည်။ ရေလုပ်သားအများ စုပေါင်း ဆောင်ရွက်ခြင်း၊ အပြိုင်အဆိုင် ငါးဖမ်းခြင်း၊ ပျော်ပျော်ရွှင်ရွှင် ငါးဖမ်း ခြင်းသည် ရေလုပ်သားငယ်တို့၏ စည်းလုံးညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းကို ပြသသော ငါးဖမ်းပွဲ ဖြစ်ပါသည်။



မြစ်များ၊ ချောင်းများအတွင်းရှိ ဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်များတွင် မြစ်ရေ၊ ချောင်းရေ ကျချိန် အင်းလုံးပေါ် ပေါက်သည့်နေရာ မြစ်ကျိုးအင်း၊ မြစ်ထောင့်၊ ရေသာကွက်များကို ယင်းလိပ်၊ ယင်းတားပိုက်များဖြင့် ကာရံပြီး ငါးများကို အစာကျွေးပြုစုထားကာ အနယ်နယ်အရပ်ရပ်မှ ရေလုပ်သားများကို ဖိတ်ကြားပြီး ရေလုပ်သားအများစုပေါင်းပြီး ငါးဖမ်း ကြပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်မြို့နယ်၊ ရေနံချောင်းရွာ၊ ခနောင်တိုရွာ၊ ညောင်တုန်းမြို့နယ်၊ စကြေ့ာ ကျေးရွာ၊ ရွှေဒဂ်ံးကျွန်းရွာ၊ ပန်းတနော်မြို့နယ်၊ ကဖွန်းတောရွာ၊ ဓနုဖြူမြို့နယ်၊ ကျွန်းကလေးရွာ၊ ဇလွန်မြို့နယ်၊ ချောင်းကြီးရွာ၊ ဒေါင့်ကြီးရွာ၊ သဖန်းကုန်းရွာ၊ ကံ့ကူရှုလက်ပံဖင်ရွာ၊ သက္ကယ်ကျွန်းရွာ တို့တွင် စုပေါင်းငါးဖမ်းပွဲများ ကျင်းပလေ့ရှိကြပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း စုပေါင်းငါးဖမ်းပွဲသည် အင်းများမှ

ငါးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး Culture Based Capture Fisheries စနစ်တကျ ငါးမွေးမြူဖမ်းဆီးသည့် စနစ်ကောင်းတစ်ခုလည်း ဖြစ်ပါသည်။

လေလံဆွဲဝယ်ရရှိသော အင်းသားကြီးသည် မြစ်ရေ၊ ချောင်းရေ တက်ချိန်မှစတင်ပြီး အင်းလုံးပေါ်ပေါက်မည့် နေရာ၊ ရေသာကွက်ပေါ်ပေါက်မည့်နေရာများကို ခန့်မှန်းပြီး ပဲဖတ်၊ နမ်းဖတ်များ၊ မီးဖုတ်ပြီး အခွေလိုက် အင်းလုံးကြမ်းပြင် တွင် နေရာအနှံ့ချထားလေ့ရှိကြသည်။ နီးစပ်ရာ ငါးလုပ်ငန်း သားဖောက်စခန်းများမှ ငါးမြစ်ချင်း၊ ငါးကြင်း ငါးမျိုးများ ဝယ်ယူ မျိုးစိုက်ထည့်ကျပြီး ဧရာဝတီမြစ်အတွင်းရှိ သဘာဝငါးမျိုးများဖြစ်သော ငါးကြင်းဟင်းခံ၊ ငါးမြင်း၊ ငါးတန်၊ ငါးရှောင်း ငါးငယ်များကို အစာကျွေးပြုစု ထားကြသည်။ အင်းသားကြီးများသည် မြစ်ရေကျချိန်တွင် မြစ်ထောင့်များကို အထက်အောက် ယင်းတားပိုက်ဖြင့် ကာရံပြီး ငါးများကြီးထွားလာစေရန် အစာခြင်း၊ အစာတိုင်များဖြင့် ဖွဲနု၊ ပဲဖတ်၊ နမ်းဖတ်များကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အစာကျွေးပြုစုစောင့်ရှောက်လေ့ရှိကြသည်။ စုပေါင်းငါးဖမ်းပွဲ မကျင်းပမီ ၁၅ ရက်ခန့် ကြိုတင်၍ အနယ်နယ်အရပ်ရပ်သို့ ရေလုပ်သားခေါင်းဆောင်များထံ မိမိအင်းအတွင်း ငါးကြီးငါးကောင်းများ ပေါများကြောင်း ဖိတ်စာဖြင့် ဖိတ်ကြားခြင်း၊ အသံချဲ့စက်ဖြင့် ကြော်ငြာခြင်း ပြုလုပ်လေ့ရှိသည်။

စုပေါင်းငါးဖမ်းပွဲကျင်းပမည့်နေ့ နံနက်ပိုင်းတွင် ရေလုပ်သားအများစု ရောက်ရှိလာကြ၍ အင်းအတွင်း ငါးပေါများ မှုကို လေ့လာပြီး အင်းသားကြီးနှင့် တွေ့ဆုံကာ ငါးဖမ်းရမည့် စည်းကမ်းချက်များ၊ ငါးဖမ်းရမည့် အကွာအဝေး (မဲတိုင် အကွာအဝေး)၊ ငါးဖမ်းခွင့်ရမည့်ရက်၊ ငါးဖမ်းခွင့်စျေးနှုန်းများကို မဲရုံ (ရေလုပ်သားတို့၏ အခေါ်အဝေါ်)တွင် ညှိနှိုင်း ဆောင်ရွက်ဆွေးနွေးပြီး သဘောတူညီပါက ငါးဖမ်းမည့် ရေလုပ်သား၊ လှေစာရင်းကို ပေးသွင်းရသည်။ ညနေ (၄)နာရီ တွင် စာရင်းပိတ်ပြီး မိမိငါးဖမ်းရမည့် မဲတိုင်နေရာကို မဲနှိုက်၍ မိမိမဲတိုင်နံပါတ်ရှိရာဒေသသို့ အသာအယာ လှေလှော်ခတ်ပြီး စည်းကမ်းရှိစွာ သွားလာရသည်။ မဲတိုင်အကွာအဝေးကို အတောင်(၂၀) (သို့) အတောင် (၂၅)တောင် သတ်မှတ် ကြသည်။ ရေနက်အိုးကောင်းပြီး မြစ်ထောင့်ကျယ်ပါက တစ်နေ့လျှင် လှေအစီး (၁၅၀) မှ (၂၀၀)အထိ ခွင့်ပြုလေ့ရှိ သည်။ မဲတိုင်များသို့ ရေလုပ်သားများရောက်ရှိပါက ညနေ (၅)နာရီခန့်တွင် အသံချဲ့စက်မှ "အိုးစည်သီချင်း" စတင် ဖွင့်လျှင်ဖွင့်ခြင်း မိမိမဲတိုင်မှ ငါးဖမ်းလှေများ စတင်ထွက်ခွာကာ တန်းပိုက်များကို အခြားတစ်ဖက်ကမ်းသို့ သူ့ထက်ငါ အပြိုင်အဆိုင် ရေထဲသို့ ငါးဖမ်းပိုက်ချပြီး ငါးဖမ်းကြသည်။ (ယခင်က သေနတ်(၃)ချက် ဖောက်ခြင်း၊ မင်္ဂလာမောင်းတီး ခြင်း၊ ကျွဲချိုများမှုတ်ခြင်း၊ ခရာမှုတ်ခြင်း၊ အမှတ်အသားပြုအလံများ ဝှေ့ယမ်းခြင်း ပြုလုပ်လေ့ရှိသည်။)

စုပေါင်းငါးဖမ်းပွဲတွင် ငါးကြင်းဟင်းခံ၊ ငါးဘတ်၊ ငါးရှောင်း၊ ငါးမြစ်ချင်း၊ ငါးမြင်း၊ ပုစွန်ထုတ်၊ ငါးဖယ် အစရှိသော နိုင်ငံခြားစျေးကွက်ဝင် ငါးကြီးငါးကောင်းများ ရရှိကြသည်။ ငါးဖမ်းရရှိသော ငါးကြီးငါးကောင်းများကို စုပေါင်းငါးဖမ်းပွဲ တွင် လာရောက်ဝယ်ယူသော ငါးဒိုင်များသို့ ချက်ခြင်း ရောင်းချပြီး ဝင်ငွေကောင်းသောကြောင့်

ရေလုပ်သားမိသားစု များ ပျော်ရွှင်ကြည်နူးမှုကို ခံစားရသည်ကို မြင်တွေ့ရပါသည်။ စုပေါင်းငါးဖမ်းချိန်သည် "နေဝင်ဆည်းဆာအလှ" နှင့် အတူ ငါးဒိုင်များ၊ ငါးလာရောက်ဝယ်သူများ၊ လာရောက်ကြည့်ရှုသူပြည်သူများ၊ ရေလုပ်သားကြီးများသည် ငါးကြီးငါးကောင်းများ ငါးဖမ်းပိုက်တွင် ခုန်ပျံကျော်လွှားကာ ငါးဖမ်းပိုက်တွင် တွယ်ငြိနေသည်ကို မြင်တွေ့နေရသဖြင့် ပျော်ရွှင်ကြည်နူးမှု၊ စိတ်ဝင်စားဖွယ်ကောင်းခြင်းကို ဗဟုသုတရရှိဖွယ် ရေးသားတင်ပြလိုက်ရပါသည်။